# 3rd Sunday of Easter (April 19, 2015)

## 1st READING: *Acts 3:13-15, 17-19*

တမန်တော်ဝတ္ထု ၃း ၁၃–၁၅၊ ၁၇–၁၉

ပေတရုသည်ဤသို့ဟောပြောလေ၏။ အာဗြဟံ၊အဇက်၊ယာကုပ်တို့၏ဘုရား၊ငါတို့ဘိုးဘေးများ၏ဘုရားသခင်သည် မိမိသားတော်ယေရှုကိုဘုန်းဂုဏ်တော်ထင်ရှားစေတော်မူ၏။သို့သော်ငါတို့သည်ထိုသခင်ကိုအပ်နှံကြလျက်သူ့ကိုလွှတ်ရန် ဆုံးဖြတ်ပေးသောပိလာတုမင်းရှေ့တွင်ငြင်းပယ်ခဲ့ကြ၏။ သင်တို့သည်သန့်ရှင်းဖြောင့်မတ်သောသူကိုငြင်းပယ်ခဲ့ကြ၍၊လူ သတ်သမားတစ်ဦးကိုစေလွှတ်ပေးရန်တောင်းဆိုခဲ့ကြ၏။သင်တို့သည်အသက်သခင်ကိုသတ်ဖြတ်ခဲ့ကြသော်လည်းဘုရား သခင်သည်သူ့ကိုသေခြင်းမှရှင်ပြန်ထမြောက်စေတော်မူခဲ့၏။ ငါတို့သည်လည်းသက်သေများဖြစ်ကြ၏။ ညီအစ်ကိုတို့ သင်တို့နှင့်သင်တို့ကိုအုပ်ချုပ်ကြသောမင်းများသည်မသိနားမလည်သောကြောင့်ဤသို့ပြုခဲ့ကြသည်ကိုငါသိ၏။သို့သော် မိမိ၏ခရစ်တော်သည်ဒုက္ခဝေဒနာခံရမည်ဟုပရောဖက်အပေါင်းတို့၏နှုတ်အားဖြင့်ဘုရားသခင်ကြိုတင်ဟောကြားထား ချက်များသည်ဤသို့ဖြင့်ပြည့်စုံခြင်းသို့ရောက်ကြ၏။သို့ဖြစ်၍သင်တို့၏အပြစ်များအခွင့်လွှတ်စေရန်သင်တို့နောင်တရကြ ၍အကျင့်ပြောင်းလဲကြလော့။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Ps 4:2,4,7-8,9

ဆာလံကျမ်း ၄

**သံပြိုင်။** ။ အိုထာဝရဘုရားရှေ့မျက်နှာတော်၏အလင်းတော်ကိုကျွန်ုပ်အပေါ်သို့ထွန်းလင်းစေတော်မူပါ။
R. Lord, let your face shine on us.

၁။ တပည့်တော်၏ဖြောင့်မတ်တော်မူသောဘုရား၊ တပည့်တော်သည်ကိုယ်တော်ကိုခေါ်တတော်မူသောအခါ၊ထူးတော်မူပါ။ တပည့်တော်ကိုဒုက္ခဆင်းရဲမှလွတ်မြောက်စေတော်မူပါ။တပည့်တော်ကိုသနားတော်မူ၍၊ဆုတောင်းသံကိုနားညောင်းတော်မူပါ။ **သံပြိုင်။** ။
When I call, answer me, O my just God, you who relieve me when I am in distress; have pity on me, and hear my prayer!

၂။ ထာဝရဘုရားသည်ဖြောင့်မတ်သောသူတို့အားမိမိအတွက်ရွေးချယ်ထားတော်မူသည်ကိုသိမှတ်ကြလော့။ငါသည်ထာဝရဘုရားကိုခေါ်တသောကိုယ်တော်သည်နားထောင်တော်မူ၏။ **သံပြိုင်။** ။
Know that the LORD does wonders for his faithful one; the LORD will hear me when I call upon him.

၃။ အိုထာဝရဘုရားရှေ့မျက်နှာတော်၏အလင်းတော်ကိုကျွန်ုပ်အပေါ်သို့ထွန်းလင်းစေတော်မူပါ။ သို့ရာတွင်တပည့်တော်အားကိုယ်တော်ပေးတော်မူသောဝမ်းမြောက်ခြင်းသည်ဂျုံ၊စပါးနှင့်စပျစ်ရည်များရသောသူတို့၏ဝမ်းမြောက်ခြင်းထက်သာလွန်ပါ၏။ **သံပြိုင်။** ။
O LORD, let the light of your countenance shine upon us! You put gladness into my heart.

၄။တပည့်တော်သည်လဲလျောင်းသောအခါငြိမ်သက်စွာအိပ်ပျော်သွားပါ၏။အိုထာဝရဘုရား၊ကိုယ်တော်တစ်ပါးတည်းသာလျှင်တပည့်တော်အားလုံခြုံစွာနားနေခွင့်ကိုပေးတော်မူပါ၏။ **သံပြိုင်။** ။
As soon as I lie down, I fall peacefully asleep, for you alone, O LORD, bring security to my dwelling.

## 2nd READING: *1John 2:1-5*

ရှင်ယောဟန်ဩဝါဒစာပထမစောင် ၂း၁–၅

ငါ၏သားသမီးတို့၊ သင်တို့သည် အပြစ်မကျူးလွန်ကြစေရန် ဤစာကိုငါရေးလိုက်၏။ သို့ရာတွင်အကယ်၍တစ်စုံတစ်ယောက်သည်၊အပြစ်ကျူးလွန်ခဲ့ပါမူခမည်းတော်ထံတွင်ငါတို့အတွက်အသနားခံမည့်ဖြောင့်မတ်တော်မူသောအရှင်ယေရှုးခရစ်တော်ရှိပေသည်။ ကိုယ်တော်သည်ငါတို့၏အပြစ်များကိုသာမကလူသားတိုင်း၏အပြစ်ပြေရာအကြောင်းလည်းဖြစ်တော်မူ၏။ ဘုရားသခင်၏ပညတ်တော်တို့ကိုစောင့်ထိန်းမှသာလျှင်ငါတို့သည်ကိုယ်တော်ကိုသိကျွမ်းသူများဖြစ်ကြောင်းအသေအချာသိရှိနိုင်မည်။ ကိုယ်တော်ကိုသိပါသည်ဟုဆိုလျက်ပညတ်တော်တို့ကိုမစောင့်ထိန်းသောသူသည်လူလိမ်ဖြစ်၍ထိုသူ၌သစ္စာတရားမရှိ။ သို့ရာတွင်ကိုယ်တော်၏စကားတော်ကိုနားထောင်သောသူသည်အမှန်ပင်ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝစုံလင်၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *Luke 24:35-48*

ရှင်လုကာဧဝံဂေလိကျမ်း ၂၄း ၃၅–၄၈

ထိုအခါ ဤသူနှစ်ယောက်တို့သည်လည်းလမ်းခရီး၌ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာကိုလည်းကောင်း၊မုန့်ကိုဖဲ့တော်မူရာတွင်ကိုယ်တော်ဖြစ်ကြောင်းမည်ကဲ့သို့သိရကြောင်းကိုလည်းကောင်းပြောပြကြလေ၏။ သူတို့သည်ဤအကြောင်းအရာကိုပြောနေကြစဉ်သခင်ယေရှုးသည်သူတို့အလယ်၌ရပ်တော်မူလျက်သင်တို့၌ငြိမ်းချမ်းသာယာခြင်းရှိစေသတည်းဟုသူတို့အားမိန့်တော်မူ၏။ သူတို့သည် ကြောက်ရွံ့တုန်လှုပ်၍၊ တစ္ဆေကိုမြင်ရသည်ဟုထင်မှတ်ကြ၏။ကိုယ်တော်ကလည်းအဘယ်ကြောင့်ကြောက်လန့်တုန်လှုပ်ကြသနည်း။ အဘယ်ကြောင့်သင်တို့၏စိတ်နှလုံးထဲ၌ယုံမှားသံသယဖြစ်ကြသနည်း။ ငါ၏လက်နှင့်ခြေများကိုကြည့်ကြလော့။ သင်တို့မြင်ရသည်မှာငါကိုယ်တိုင်ဖြစ်၏။ငါ့ကိုစမ်းသပ်ကြည့်ရှုကြလော့။ အကြောင်းမူကား၊တစ္ဆေ၌အရိုးနှင့်အသားမရှိ။ ငါ၌ရှိ၏ဟုသူတို့အားမိန့်တော်မူ၏။ ထိုသို့မိန့်တော်မူပြီးမှကိုယ်တော်သည်မိမိလက်တော်၊ ခြေတော်တို့ကိုသူတို့အားပြတော်မူ၏။ သူတို့သည်ကား၊ ဝမ်းမြောက်ကြသော်လည်းမယုံကြည်နိုင်ဘဲအံ့အားသင့်နေကြသောအခါကိုယ်တော်ကဤနေရာမှာသင်တို့၌စားစရာတစ်စုံတစ်ခုရှိသလောဟုမေးတော်မူ၏။ သူတို့သည်ငါးကင်တစ်ပိုင်းကိုကိုယ်တော်အားဆက်ကပ်ကြ၏။ကိုယ်တော်သည်လည်းယူ၍သူတို့ရှေ့တွင်စားတော်မူ၏။ထို့နောက်ကိုယ်တော်ကမိုးဇက်၏တရားကျမ်း၊ပရောဖက်ကျမ်းနှင့်ဆာလံကျမ်းများ၌ငါ့ကိုရည်ညွှန်း၍ရေးထားသမျှတို့သည်ပြည့်စုံရမည်ဟုသင်တို့နှင့်အတူငါရှိစဉ်ကပြောထားခဲ့သောစကားများသည်ဤအကြောင်းအရာများဖြစ်သတည်းဟုသူတို့အားမိန့်တော်မူ၏။ ထိုအခါကျမ်းစာများကိုနားလည်စေရန်ကိုယ်တော်သည် သူတို့၏အသိဉာဏ်ကိုဖွင့်တော်မူလျက်။ သူတို့အားမိန့်တော်မူသည်ကားကျမ်းစာ၌ဤသို့ရေးထားလျက်ရှိ၏။ခရစ်တော်သည်ဒုက္ခရစရိယာခံသဖြင့်သုံးရက်မြောက်သောနေ့၌သေသူတို့အစုမှရှင်ပြန်ထမြောက်ရမည်။သူ၏နာမတော်၌နောင်တတရားနှင့်အပြစ်ခွင့်လွှတ်ခြင်းတရားကိုဂျေရုဆလင်မြို့မှအစပြု၍လူမျိုးတကာတို့အားကြေညာဟောပြောရမည်။သင်တို့သည်ကားဤအကြောင်းအရာတို့ကိုသက်သေခံသူများဖြစ်ကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။